
# အာရက္ခပညာရေး
## အိပ်မက်နှင့် အနာဂတ်

ရေးသားသူ - အထွေး




အထွေးသည် တက္ကသိုလ်ကျောင်းသားသမဂ္ဂ (၂၀၂၀-၂၀၂၁) တွင် ပါဝင်ခဲ့ကာ
လက်ရှိတွင် တော်လှန်ရေးအဖွဲ့အစည်းတစ်ခု၌ တက်ကြွစွာ လုပ်ကိုင်လျက်ရှိပါသည်။

www.arakanstudies.org

## အာရက္ခပညာရေးအိပ်မက်နှင့် အနာဂတ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက် စစ်အာဏာသိမ်းမှုအပြီးတွင် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ပြည်တွင်း စစ်မီးသည် အလျင်အမြန်ပျံ့နှံ့ လာခဲ့သည်။ လက်ရှိပြည်တွင်းစစ် ဖြစ်နေချိန်တွင် အာဏာသိမ်း စစ်တပ်အား တိုက်ခိုက်နေသော လက်နက်ကိုင်တပ်များမှာ အမျိုးအစားအားဖြင့် ၂ မျိုးခွဲခြားနိုင်ပါသည်။ ပထမအမျိုးအစားတွင် ပါဝင်သည့် လက်နက်ကိုင်တပ်များသည် ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းမှု မဖြစ်ခင်ကတည်းကပင် ပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်နေခြင်းဖြစ်ပြီး ဒုတိယအမျိုးအစားမှာမူ အာဏာသိမ်းမှုနောက်ပိုင်းမှသာ စစ်အစိုးရကို တိုက်ခိုက်ကြသူများ ဖြစ်ပါသည်။

ပထမအမျိုးအစားတွင်ပါဝင်သည့် လက်နက်ကိုင်တပ်အတော်များမှာ အမျိုးသားရေး လက္ခဏာ အပေါ် အခြေတည်ပြီး စစ်အာဏာရှင်စနစ်ကျဆုံးရေးတခုတည်းမဟုတ်ဘဲ ကိုယ်ပိုင်နယ်မြေ၊ နိုင်ငံရေးစနစ်နှင့် နိုင်ငံတည်ဆောက်မှုစသည့် ရည်မှန်းချက်များရှိကြပါသည်။ ဒုတိယအမျိုးအစား၌ ပါဝင်သည့် လက်နက်ကိုင်တပ်များသည် စစ်အာဏာရှင်စနစ် ကျဆုံးမှုအပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေး အတွက် တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။

"ပြည်သူလူထုလိုလားတဲ့ စစ်အာဏာရှင်အမြစ်ဖြုတ်ရေး" ဟူသည့် ခေါင်းစဉ်အောက်မှ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြောက်ပိုင်းညီနောင်မဟာမိတ်တပ်များ၏ ပူးပေါင်းထိုးစစ်ဖြစ်သော ၁၀၂၇ စစ်ဆင်ရေးကို အောက်တိုဘာလ (၂၇) ရက်နေ့၌ စတင်ခဲ့သည်။ စစ်ဆင်ရေးစတင်ပြီး နှစ်ပတ်ကျော်အကြာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ရက္ခိုင်နှင့် ပလက်ဝဒေသ စစ်မျက်နှာများ၌လည်း အာရက္ခတပ်တော်မှ လိုအပ်ချက်အရဟုဆိုကာ စစ်ဆင်ရေးကို စတင်ခဲ့သည်။ အဆိုပါ စစ်ဆင်ရေး၏ရလဒ်အနေဖြင့် ယခုအချိန်၌ ရက္ခိုင်ပြည်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းကို အာရက္ခတပ်တော်မှ ထိန်းချုပ်လာနိုင်ပြီး၂၀၁၈ ခုနှစ်တွင် ကြွေးကြော်ခဲ့သော အာရက္ခတပ်တော်၏ 'အာရက္ခအိပ်မက် ၂၀၂၅' သည်လည်း တစ်စထက်တစ်စ ပြည့်လုနီးပါးဖြစ်လာပါသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအပြီးတွင် နိုင်ငံ၏ လူမှုစီးပွားဘဝနှင့် ပညာရေးအခန်းကဏ္ဍအစရှိသည့် တိုင်းပြည်၏ကဏ္ဍ တော်တော်များများသည် နှစ်စဉ်နှင့်အမျှ ဆုတ်ယုတ်လာခဲ့သည်။ ထိုအခြေအနေသည် ရက္ခိုင်ဒေသ အပေါ်တွင်လည်း ရိုက်ခတ်မှုရှိလာခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရရှိခဲ့သော စစ်တပ်နှင့် အာရက္ခတပ်တော်၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပျက်ပြယ်ပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ခဲ့သော ရက္ခိုင်ပြည်တွင်း တကျော့ပြန်စစ်ပွဲများနှင့် နိုင်ငံရေးအပြောင်းအလဲများကြောင့် ဒေသတွင်းရှိ လူငယ်များမှာ စစ်ပွဲကာလ၏ နောက်ဆက်တွဲအဖြစ် ပညာရေးရပ်တန့်ရခြင်း၊ အချို့စွန့်လွှတ်လိုက် ရခြင်းများ ရှိခဲ့ကြသည်။ ထိုတိုက်ပွဲများသည် ထောင်ပေါင်းများစွာသော ရက္ခိုင်လူငယ်များ၏ ပညာရေးလမ်းကြောင်းအပေါ်တွင် ရိုက်ခတ်မှုကြီးမားခဲ့ပါသည်။

တကျော့ပြန်စစ်ပွဲများ စတင်ပြီးမကြာမီ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရက္ခိုင်ကျောင်းသားသမဂ္ဂသည် စစ်ကောင်စီ၏ပညာရေးဌာနမှ ဖွင့်လှစ်လိုက်သော အဆင့်မြင့်ပညာရေး

ကျောင်းများ၊ အခြေခံပညာရေးကျောင်းများနှင့် အခြားအသက်မွေးဝမ်းကြောင်းကျောင်းများမှ ပို့ချသော "ဖက်ဆစ် ကျွန်ပညာရေးစနစ်ကို အလိုမရှိကြောင်း" ထုတ်ပြန်ပြီး ရက္ခိုင်ပြည်တွင်း၌ ကျောင်းမတက် သပိတ်မှောက်သည့် CDM လှုပ်ရှားမှုကိုစတင်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုသည် ရက္ခိုင်ပြည်နယ်တွင်း ကျောင်းသားလူငယ်အချို့၏ ပညာရေးလမ်းကြောင်းအပြောင်းအလဲများ၏ အစဖြစ်ပါသည်။ ထို့အပြင် တကျော့ပြန်စစ်ပွဲ၏ အကျိုးဆက်အဖြစ် လူမှုစီးပွားမညီမျှမှု၊ အရင်းအမြစ်များ ရှားပါးလာမှုနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့်လည်း ရက္ခိုင်ဒေသတွင်းရှိ ပညာရေးအခန်းကဏ္ဍမှာ လစ်လပ်လျက်ရှိနေခြင်းဖြစ်သည်။ ရက္ခိုင်ဒေသတွင်းရှိ ကျောင်းသားလူငယ်များသည် အထက်ပါ အကြောင်းအရင်းများကြောင့် ပုံမှန်ပညာရေးစနစ် အားမရနိုင်တော့သည့်အပြင် ပညာဆက်သင်နိုင်ရန်အတွက်လည်း သေချာရေရာသည့် အခြေအနေမျိုးများ မရှိခဲ့ပါ။

သို့သော် ယခုအချိန်တွင် ရက္ခိုင်လူငယ်များသည် ပညာရေးလမ်းကြောင်းများဆီကို ပြန်လည်ဦးတည်ရန် စိုင်းပြင်းနေကြပြီ ဖြစ်သည်။ ယခုတွင် အခြားအကြောင်းအရာများကို မဖော်ပြခင် အချက်အလက်အချို့ကို ပထမဦးစွာ တင်ပြထားလိုပါသည်။ ရက္ခိုင်ပြည်တွင် အခြေခံပညာ အထက်တန်းကျောင်း (၄၈၇)ကျောင်း၊ အလယ်တန်းကျောင်း (၁၀၇၁)ကျောင်းနှင့် မူလတန်းကျောင်း (၁၅၃၅)ကျောင်း၊ စုစုပေါင်း ကျောင်းပေါင်း (၃၁၉၃) ကျောင်း ရှိပါသည်။ တက္ကသိုလ်နှင့် ကောလိပ် စုစုပေါင်း (၉) ခုရှိပါသည်။ ထိုကျောင်းများထဲမှ ယခုအချိန်တွင် ရက္ခိုင်ပြည်တွင်း စစ်ကော်မရှင်ထိန်းချုပ်သည့် နယ်မြေများတွင်သာ အခြေခံပညာကျောင်းအချို့နှင့် တက္ကသိုလ်၊ ကောလိပ်အချို့သာ ဆက်လက်လည်ပတ်နိုင်ပါတော့သည်။ စစ်ကော်မရှင် ထိန်းချုပ်သည့် စစ်တွေ၊ ကျောက်ဖြူမြို့များတွင်ရှိသည့် ပညာရေးအခြေအနေသည် စစ်ရေး၊ နိုင်ငံရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် ပုံမှန်လည်ပတ်နိုင်ရန် ခက်ခဲနေပါသည်။ ထို့ကြောင့် ၎င်းဒေသမှကျောင်းသားများသည် ပြည်မဘက်သို့ ပြောင်းရွှေ့ ပညာသင်ယူခြင်း၊ (သို့မဟုတ်) အာရက္ခတပ်တော်ထိန်းချုပ်သည့် နယ်မြေများသို့ ကူးပြောင်းတက်ရောက်လာကြပါသည်။

ထို့အပြင် ၂၀၂၄ ခုနှစ်နောက်ပိုင်း ရက္ခိုင်တပြည်လုံးအတိုင်းအတာနှင့် အလုံးစုံ ဖုန်းလိုင်း၊ အင်တာနက်လိုင်း ပြတ်တောက်မှုသည်လည်း ရခိုင်လူငယ်များ၏ ဆက်လက်ပညာသင်ယူနိုင်ရေးကို အဟန့်အတားဖြစ်စေပါသည်။ အင်တာနက်ပြတ်တောက်မှုကြောင့် ပညာရေးဆိုင်ရာ အရင်းအမြစ်များ၊ အခွင့်အလမ်းများကို အင်တာနက် အသုံးပြု၍ ရှာဖွေနိုင်ရန်လည်း အကန့်အသတ်များစွာနှင့် ကြုံတွေ့ နေရပါသည်။ အထူးသဖြင့် သမားရိုးကျပညာရေး (formal education) မှခွဲထွက်ပြီး နိုင်ငံတကာပညာရေးကို ဝင်ရောက်ရန် ကြိုးစားနေသူများအတွက် အင်တာနက်သည် အကန့်အသတ်များစွာဖြစ်နေပါသည်။ နိုင်ငံတကာပညာရေး၏ အုတ်မြစ်ဖြစ်သည့် အင်္ဂလိပ်ဘာသာစကားနှင့် အခြေခံကွန်ပျူတာကျွမ်းကျင်မှုများသည် ရက္ခိုင်ပြည်တွင်း အရင်းအမြစ်များနှင့်တင် လုံလောက်မှုမရှိခြင်းကြောင့် အင်တာနက်မှတဆင့် (self-study) ကျောင်းသားများကိုယ်တိုင်လေ့လာခြင်း၊ online learning ဖြင့် လေ့လာရန် လိုအပ်လာသည့်အခါတွင် ကျောင်းသားများအတွက် အခက်အခဲများစွာဖြစ်စေပါသည်။

၎င်းအခြေအနေများအပြင် စစ်ပွဲ၏ဂယက်ဖြစ်သည့် လူမှုစီးပွားနှင့် အထွေထွေအကျပ်အတည်းကြောင့်လည်း ကျောင်းသား လူငယ်များသည် ပညာရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများ ထပ်မံရင်ဆိုင်လာရပါသည်။ ရက္ခိုင်ပြည်သည် ယခင်ကပင် ကျပ်တည်းသည့်အခြေအနေ ရှိနေခဲ့ပြီး ယခုအခါ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ပညာရပ်ဆိုင်ရာ အရင်းအမြစ်များရှားပါးလာခြင်းကြောင့် စစ်စဖြစ်ပြီးကာလနောက်ပိုင်းတွင် ပညာဆက်သင် နိုင်သူအရေအတွက်သည် လျော့နည်းလာခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိ ICFAI တက္ကသိုလ်များကဲ့သို့ နိုင်ငံခြားတက္ကသိုလ်များကို တက်ရောက်ခွင့်ရရှိသည့် ရက္ခိုင်ကျောင်းသားများ ရှိသော်လည်း ကျောင်းဝင်ကြေး ဘာသာရပ်အလိုက် Semester တခုကို အိန္ဒိယရူပီး ၃၀,၀၀၀ ကနေ ၆၀,၀၀၀ (မြန်မာငွေ ၁၅သိန်း ၇၀ ကနေ သိန်း ၃၀ အထိ) ပေးသွင်းရမည့် အခြေအနေသည် မိသားစုများအတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါသည်။ ၎င်းစိန်ခေါ်မှုများ၊ အခက်အခဲများကြားမှပင် အာရက္ခတပ်တော်သည် ထိန်းချုပ်နယ်မြေများတွင် လူငယ်များအတွက် ပညာရေးလမ်းကြောင်းများ ပေါ်ပေါက်လာရေး ကြိုးပမ်းလုပ်ဆောင်လျက် ရှိပါသည်။

ယခုအချိန်တွင် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ အာရက္ခတပ်တော် (ULA/AA) သည် အာရက္ခအမျိုးသား ပညာရေးဌာနကို ဖွဲ့စည်းလျက်ရှိပြီး အာရက္ခပညာရေးအတွက် သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်နေကြောင်းကို ထုတ်ပြန်ကြေညာထားပါသည်။ ထို့အပြင် (ULA/AA) သည် ရက္ခိုင်ပြည်ရှိ မြို့နယ်များတွင် တိုင်းပြည်၏ လိုအပ်ချက်နှင့် ညီမျှသည့် ခေတ်မီပညာရေးစနစ်တရပ်ကို ဖော်ဆောင်နိုင်ရန် အတွက် ရေတို၊ ရေရှည် ပေါ်လစီများနှင့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲလျက်ရှိပါသည်။ လူငယ်များ ပညာရေးနှင့် အလုပ်မဝေးစေရေးအတွက်လည်း အာရက္ခအမျိုးသား ပညာရေးဌာနသည် ရက္ခိုင်ပြည်အတွင်း ၂၀၂၄ ခုနှစ်မှ စတင်၍ ရွှေ့ပြောင်းစာသင်ကျောင်းများ ဖွင့်လှစ်ကာ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် အစိုးရယန္တရားလည်ပတ်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်း အမြစ်များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေနှင့် မူဝါဒရေးရာသင်တန်း၊ ဆေးကောလိပ်၊ ဆေးသင်တန်း၊ သူနာပြုသင်တန်း၊ သားဖွားသင်တန်းများကို ULA/AA သည် ၂၀၂၃ ခုနှစ်မှ စတင်၍ စီစဉ်လုပ်ဆောင်ခဲ့ပါသည်။

၎င်းအပြင် ULA/AAသည် အာရက္ခအမျိုးသားတက္ကသိုလ်ကို ၂၀၂၆ ခုနှစ် မတ်လတွင် စတင်တည်ထောင်ပြီး ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် ဥပဒေ၊ ဘောဂဗေဒနှင့် နိုင်ငံတကာဆက်ဆံရေး(IR) ဘာသာရပ်များကိုပါ သင်ကြားပေးရန် ပြင်ဆင်လျက်ရှိပါသည်။ ထပ်မံ၍ အထက်တန်းအောင်မြင်ပြီး တက္ကသိုလ်ဆက်တက်ရန် အခက်အခဲရှိနေသည် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနိုင်ရန် ရည်ရွယ်ကာ အာရက္ခကောလိပ်ကိုလည်း ဖွင့်လှစ်ခဲ့ပါသည်။ ULA/AA ၏ ယခုကဲ့သို့ ကြိုးပမ်းလုပ်ဆောင်မှုများအပြင် ပညာသင်ကြားခွင့် ဆုံးရှုံးနေကြသည့် ရက္ခိုင်ဒေသရှိ စစ်ဘေးရှောင်ကလေးငယ်များအတွက် "အနာဂတ်လှိုင်း" အမည်နှင့် ပညာရေးကမ်ပိန်းတစ်ခုကို ရက္ခိုင်ပြည်ကျောင်းသားသမဂ္ဂမှ ဦးဆောင်ပြုလုပ်နေခြင်းလည်း ရှိပါသည်။

ဤအစီအစဉ်သည် ရက္ခိုင်ပြည်တွင်း တိုက်ပွဲများကြောင့် ထပ်တိုးလာနေသည့် စစ်ဘေးရှောင်ကလေးငယ်များအတွက် လိုအပ်လျက်ရှိသည့်ပညာရေး အထောက်အပံ့များပေးအပ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ တဖက်တွင် ယခုကဲ့သို့ အာရက္ခပညာရေးကို အဆင့်မြှင့်တင်နေသော်လည်း အခြားတဖက်တွင်မူ စစ်တပ်၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ရက္ခိုင်ပြည်တွင်းတွင် ပညာရေးဆိုင်ရာ အခွင့်အလမ်းဆုံးရှုံးမှုများ၊ နစ်နာမှုများဖြစ်ပေါ်နေပါသည်။ ရက္ခိုင်ပြည်တွင်း၌ စစ်ကောင်စီ၏ လေကြောင်းအန္တရာယ်ကြောင့် စာသင်ကျောင်းများ ပုံမှန်မဖွင့်လှစ်နိုင်တော့သည့်အတွက် ပညာရေး တစ်ပိုင်းတစ်စနှင့် ကျောင်းရပ်နားထားရသော ကျောင်းသား/ကျောင်းသူများလည်း အများအပြားရှိပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စစ်ကော်မရှင်လေတပ်မှ ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာရှိ ကိုယ်ပိုင်အထက်တန်းကျောင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အသက်မပြည့်သေးသော ၁၈ နှစ်အောက် ကျောင်းသား/သူ ၁၇ ဦး သေဆုံးခဲ့ရသည်။ ယခုကဲ့သို့စိန်ခေါ်မှုများ၊ အခက်အခဲများကြောင့်ပင် အာရက္ခအမျိုးသား ပညာရေးဌာနမှ ရက္ခိုင်ပြည်အတွင်း၌ ၂၀၂၄ ခုနှစ်မှ စတင်၍ ရွှေ့ပြောင်းစာသင်ကျောင်းများ ဖွင့်လှစ်ကာ လူငယ်များ ပညာရေးနှင့် အလှမ်းမဝေးစေရေး လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

လက်ရှိအချိန်တွင် ရက္ခိုင်ပြည်၏ ပညာရေးသည် စစ်မီးကြား "ကိုယ်ပျောက်စာသင်ကျောင်း" ဘဝမှ "အမျိုးသားတက္ကသိုလ်" အဆင့်ထိ ရုန်းကန်တက်လှမ်းနေရသော ကာလပင်ဖြစ်သည်။ ထိုကဲ့သို့သော ကာလမျိုးဖြစ်သည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများမှ အာရက္ခပညာရေးအတွက် အရင်းအမြစ်မျှဝေခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း၊ နိုင်ငံတကာပညာရေးအတွက် လမ်းကြောင်းများစီစဉ်ချမှတ်ခြင်း စသဖြင့် အကူအညီများစွာထောက်ပံ့ပေးရန် လိုအပ်ပါသည်။ အဆိုပါ ကူညီထောက်ပံ့မှုများအပေါ် ဒေသတွင်းအာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် ဆရာ၊ မိဘ၊ ကျောင်းသား အဘက်ဘက်မှ ပူပေါင်းကြမည်ဆိုလျှင် ယခုလက်ရှိလည်ပတ်နေသော ပညာရေးလုပ်ငန်းစဉ်များ တိုးတက်လာမည်ဖြစ်ပြီ နောက်ထပ် ပညာရေးလမ်းကြောင်းအသစ်များ၊ သင်ယူနိုင်မယ့်နည်းနာအသစ်၊ ပုံစံအသစ်များလည်း ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့အပြင် အာရက္ခပညာရေးမှာ ပညာရေးနှင့်သက်ဆိုင်သော မူဝါဒများ၊ ရည်မှန်းချက်များထားရှိရန် လိုအပ်နေပြီး ရှင်းလင်းပြတ်သားသည့် လုပ်ငန်းစဉ်များကိုလည်း ထပ်တိုးချမှတ်ရန်လိုအပ်ပါသည်။ အခြားသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်သည့် နယ်မြေဒေသများရှိ ပညာရေးအစီအမံများကိုလည်း လေ့လာ၍ ရက္ခိုင်ဒေသနှင့်ကိုက်ညီသောနည်းလမ်းများဖြင့် ယှဉ်ထိုးစမ်းသပ်ကာ အသုံးချကြည့်ရန်လည်း လိုအပ်ပါသည်။ ထို့မှသာလျှင် ရခိုင်ဒေသတွင်း လူငယ်များ၏အိပ်မက်များကို ထုဆစ်ပေးနိုင်မည့် ပညာရေးလမ်းကြောင်းမှာ ပီပီပြင်ပြင် ပေါ်ထွန်းလာမည်ဖြစ်ပြီး အနာဂတ်ရက္ခိုင်ပြည် တည်ဆောက်ရေးအတွက် အလွန်အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း မွေးထုတ်ပေးသွားနိုင်မည် ဖြစ်ပါသည်။

# ရည်ညွှန်း

၁။ "ဖက်ဆစ်ကျွန်ပညာရေးစနစ် အလိုမရှိဟု ရက္ခိုင်ပြည်ကျောင်းသားသမဂ္ဂ ထုတ်ပြန်"၊ *DMG* ၊ ၁၁ ဒီဇင်ဘာ ၂၀၂၃။
၂။ "အာရက္ခအမျိုးသား ပညာရေးမူဝါဒကို လေ့လာခြင်း"၊ ဂေါင်၊ *DMG*၊ ၂၁ ဩဂုတ် ၂၀၂၅။
၃။ "ကိုယ်ဖျောက်စာသင်ကျောင်းများနှင့် ရခိုင်ပြည် ပညာရေး"၊ ဂေါင်၊ *DMG*၊ ၉ ဒီဇင်ဘာ ၂၀၂၅။
၄။ "ရခိုင်နှင့်သင့်တော်မည့် ပညာရေးသင်ရိုး ရေးဆွဲနေပြီး တက္ကသိုလ်ပညာရေးအတွက် ပြင်ဆင်နေဟု *AA* ပြော"၊ *DVB*၊ ၁၁ ဩဂုတ် ၂၀၂၅။
၅။ "ရခိုင်လွတ်မြောက်နယ်မြေများတွင် တက္ကသိုလ်ပညာရေး သင်ယူခွင့်ရအောင် စီစဉ်နေဟု *ULA/AA* ပြော"၊ နိရဉ္စရာ၊ ၁၁ ဩဂုတ် ၂၀၂၅။
၆။ "ရခိုင်တွင် အခမဲ့ပညာသင်ကြားရေးစနစ် တိုးမြှင့်လုပ်ဆောင်လာ"၊ *DMG*၊ ၇ ဇူလိုင် ၂၀၂၅။
၇။ "ရခိုင်စစ်ဘေးရှောင်ကလေးများ ကျောင်းတက်နိုင်ရန် ပညာရေး ကမ်ပိန်းလုပ်"၊ *DMG*၊ ၂၄ မတ် ၂၀၂၆။
၈။ "ရခိုင်ပြည်တွင်း တကျော့ပြန်စစ်ပွဲများနှင့် အဆင့်မြင့်ပညာရေး အခြေအနေ"၊ အာရက္ခရေးရာ အထူးလေ့လာချက်၊ အမှတ်စဉ် *(၄)*၊ ၂၀၂၆၊ ပညာရေးကဏ္ဍ၊ *Center for Arakan Studies*၊ ၂၁ ဧပြီ ၂၀၂၆။

## အာရက္ခရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများ သုတေသနဆောင်းပါးများ ပေးပို့နိုင်ရန် ဖိတ်ခေါ်ခြင်း။

အာရက္ခရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများ သုတေသနဆောင်းပါးများ ပေးပို့နိုင်ရန် ဖိတ်ခေါ်ခြင်းအစီအစဉ်သည် အာရက္ခပြည်တွင်းနှင့် ပြင်ပရှိ လူငယ်များ၏ အမြင်နှင့် အသံကို အလေးထားကာ လူငယ်များ၏ သုတေသနပြုခြင်းနှင့် အရေးအသားစွမ်းရည်လေ့ကျင့်ခြင်းကို ထောက်ပံ့အားပေးလိုသည့် ရည်ရွယ်ချက်ဖြင့် အာရက္ခလေ့လာရေးစင်တာက အစပျိုးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**ယခုအစီအစဉ်တွင် ရွေးချယ်ဖော်ပြခံရသည့် ဆောင်းပါးများသည် အာရက္ခလေ့လာရေးစင်တာ၏ အာဘော်မဟုတ်ဘဲ စာရေးသူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ရေးသားတင်ပြချက်များ ဖြစ်ပါသည်။**

အစီအစဉ် အသေးစိတ်

### အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org